# လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒ

| | |
|---|---|
| စာတမ်းအမှတ် | CSR ဝဝ၂/၂ဝ၁၆ |
| စာတမ်းခေါင်းစဉ် | လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒ |
| ရေးသားသူ | Head of CSR & Communications |
| ရက်စွဲ | ဖွန်လ ၁၃ ရက်၊ ၂ဝ၁၆ ခုနှစ် |
| အတည်ပြုသူ | Country Manager |

## ဦးတည်ချက်

MPRL E&P သည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသည့် ရင်းနှီးမြှုပ်နှံသူ အဖြစ် စီးပွားရေးလုပ်ငန်းများကို အမြင့်မားဆုံး စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် ကတိပြုဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

ထို့ပြင် MPRL E&P သည် အများနှင့်ပူးပေါင်း၍ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူများ၊ စီးပွားရေးမိတ်ဖက်များ နှင့် ပူးပေါင်း၍ အမျိုးသားရေးအခန်း ကဏ္ဍ၊ မတူကွဲပြားသည့်ဘာသာတရားနှင့် ယဉ်ကျေးမှုများကို လေးစားထိန်းသိမ်းကာ မိမိတို့၏ ရည်မှန်းချက်များကိုရိုးသားဖြောင့်မတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်မှု

MPRL E&P သည် ဖော်ပြပါ ရည်မှန်းချက်များနှင့်လျာထားချက်များ ရရှိရေးအတွက် ဝန်ထမ်းများ နှင့် မန်နေဂျာများ အားလုံး၏တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို ရည်မှန်းထားသကဲ့သို့ ကန်ထရိုက်တာ များနှင့် Suppliers များသည်လည်း တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း တာဝန်ရှိပါသည်။

ယခုဖော်ပြပါမူဝါဒအတိုင်း လိုက်နာရန် ပျက်ကွက်ပါက အလုပ်မှ ရပ်စဲသည်အထိ အရေးယူမှုများ ပါဝင်သည့် ရုံးစည်းကမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အလားတူ မူဝါဒကိုလိုက်နာရန်ပျက်ကွက်သော ကန်ထရိုက်တာများကိုလည်း ၎င်းတို့၏ စာချုပ်များ ကို ရပ်စဲခြင်း (သို့မဟုတ်) သက်တမ်းတိုးမှုမပြုလုပ်ခြင်း (သို့မဟုတ်) အခြားသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည် ဖြစ်ပါသည်။ MPRL E&P သည် ယခုမူဝါဒကို အခါ အားလျော်စွာ လိုအပ်သောပြင်ဆင်မှုများ (သို့မဟုတ်) ခေတ်နှင့်အညီပြောင်းလဲမှုများ ပြုလုပ် ဆောင်ရွက်နိုင်ခွင့် ရှိပါသည်။

**တာဝန်ယူအာမခံချက်**

ဤမူဝါဒနှင့်ပတ်သက်၍ MPRL E&P ၏ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ အနေဖြင့် အောက်ပါအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

- ဝန်ထမ်းများ၏ မတူကွဲပြားမှုနှင့် သီးသန့်ဖြစ်တည်မှုကို လေးစားရန်နှင့် ခွဲခြားဆက်ဆံမှု မပြုဘဲ မျှတစွာ ဆက်ဆံဆောင်ရွက်ရန်၊
- မတူကွဲပြားမှုကို အလေးထားရန်နှင့် အလုပ်ခန့်ထားမှုများတွင် တူညီသည့်အခွင့်အရေး ရရှိနိုင် ရေး အာမခံကတိပြုရန်၊
- အသင်းအဖွဲ့ဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ဆန်းသစ်ဖန်တီးမှုများကို မြှင့်တင်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ ဖွံ့ဖြိုးမှုကို အားပေးဆောင်ရွက်ရန်၊
- ဝန်ထမ်းများ၏ တစ်ဦးချင်းဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများကို ဖွံ့ဖြိုး တိုးတက်စေမည့် ဘေးကင်း၊ လုံခြုံပြီး နှစ်လိုဖွယ်ကောင်းသည့် လုပ်ငန်းခွင်ဖြစ်အောင် ပံ့ပိုးရန်၊
- ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် ဆက်စပ်ပါဝင် လုပ်ကိုင်ဆောင်ရွက်သူများ အားလုံးကို MPRL E&P က ချမှတ်ထားသည့် ကျန်းမာရေး၊ ဘေးကင်း လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင် ရာမူဝါဒများ နှင့်အညီ သေချာစွာ အကောင်အထည်ဖော်ဆောင်ရွက်စေရန်၊
- လူမှုအသိုက်အဝန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း၊ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- ကောင်းမွန်သည့် လူမှုကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များကို ထိန်းသိမ်းရန်နှင့် လုပ်ငန်း များ ကို ပွင့်လင်း မြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ရန်၊
- ကျွန်ုပ်တို့၏လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများအားလုံး ချမှတ်ထားသော စံ သတ်မှတ်ချက်များကို အတတ်နိုင်ဆုံး လေ့လာသိရှိလိုက်နာနိုင်ရေးအတွက် အားပေး ဆောင်ရွက်ရန်၊

MPRL E&P Pte Ltd.

# လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒ

## တာဝန်များ

MPRL E&P ၏ အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့သည် မူဝါဒများကို တာဝန်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သူများ အားလုံးက အသုံးပြုလျက်ရှိသည့် စီမံခန့်ခွဲမှုစနစ်များနှင့်အညီ လိုက်လျောညီထွေ လိုက်နာ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မည် ဖြစ်သည်။

လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒကို အမျိုးသားရေး အခြေအနေများ၊ ဥပဒေဆိုင်ရာလိုအပ်ချက်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြင်ပပတ်ဝန်းကျင် ပြောင်းလဲမှု အခြေအနေများနှင့် လိုက်လျောညီထွေမှု ဖြစ်စေရန် နှစ်နှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။

## ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းအချက်အလက်ပံ့ပိုးခြင်း

MPRL E&P ၏ အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့သည် မူဝါဒများကို တာဝန်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သူများ အားလုံးက အသုံးပြုလျက်ရှိသည့် စီမံခန့်ခွဲမှုစနစ်များနှင့်အညီ လိုက်လျောညီထွေ လိုက်နာ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မည် ဖြစ်သည်။

လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒကို အမျိုးသားရေး အခြေအနေများ၊ ဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ စီးပွားရေးလုပ်ငန်းများ နှင့် ပြင်ပပတ်ဝန်းကျင် ပြောင်းလဲမှု အခြေအနေများနှင့် လိုက်လျောညီထွေမှု ဖြစ်စေရန် နှစ်နှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။

Vantage Tower, 623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +95 1 230 7733 Fax : +95 1 230 7720 email : mprlstaff@mprlexp.com
www.mprlexp.com